Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



**Network for Democracy and Development**
**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (021/2010)
# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၂၁/၂၀၁၀)

၂၀၁၀ ခုနှစ်၊ ဇွန်လ (၁၃) ရက်နေ့မှ ဇွန်လ (၁၉) ရက်နေ့အထိ

## နအဖနှင့် ၄င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** အမတ်လောင်းများဝတ်ရန်အတွက် နေပြည်တော်ညွှန်ကြားချက်အရ သျှမ်းပြည်မြောက်ပိုင်းမှ သျှမ်းဝတ်စုံကို သပ်ရပ်ကျွမ်းကျင်စွာ ချုပ်နိုင်သူများအား နအဖအာဏာပိုင်များက ဆင့်ခေါ်၍ အရည်အချင်းစစ်ရွေးချယ်နေကြောင်း မူဆယ်ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 140610)** **Read More...**
- ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့ပေါ်တွင် လူဝင်မှုကြီးကြပ်ရေး (လဝက) အဖွဲ့က ဈေးနှုန်းချိုသာစွာဖြင့် နိုင်ငံသားစိစစ်ရေး မှတ်ပုံတင်ကဒ်ပြားများ ထုတ်ပေးနေကာ ယခုနှစ်အတွင်း ပြုလုပ်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးနိုင်ရန်အတွက် ရည်ရွယ်၍ပြုလုပ်ပေးခြင်းဖြစ်ကြောင်း ဟားခါးမြို့နယ် လဝကရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ **(Khonumthung 150610)** **Read More...**
- နအဖစစ်အစိုးရမှ ကျင်းပပြုလုပ်မည့်ရွေးကောက်ပွဲတွင် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများ၏ စာအုပ် စာစောင်များနှင့် မဲဆွယ်စည်းရုံးမှု စာရွက်စာတမ်းများ ထုတ်ဝေရာတွင် ၁၉၆၂ ခုနှစ် စာပေစိစစ်ရေး ဥပဒေကိုလိုက်နာရန် ရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားလိုက်ကြောင်းနှင့် စာစောင်ထုတ်ဝေခွင့်ရရှိရေးအတွက် စာပေစိစစ်ရေးကို မှတ်ပုံတင်ကြေး ကျပ်ငွေ (၁) သိန်းနှင့် အာမခံကြေး (၁) သိန်းပေးဆောင်ရမည်ဟု မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီမှ ဦးညိုမင်းလွင်ကပြောသည်။ **(RFA 150610)** **Read More...**
- စစ်အစိုးရမှ ပြုလုပ်မည့်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကို မထောက်ခံပါက ဖမ်းဆီး စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ယခုလ (၈) ရက်နေ့က ရောဝတီတိုင်း၊ အင်္ဂပူမြို့နယ် ကျိုကြီးအုပ်စု ဥက္ကဋ္ဌ ဦးအောင်သန်းဌေးနှင့် ရယက စာရေး ဦးကျော်မြင့်တို့က ခြိမ်းခြောက်ပြောဆိုခဲ့သည်ဟု ဒေသခံတစ်ဦးကပြောသည်။ **(Yoma3 150610)** **Read More...**
- ရန်ကုန်မြို့၌ ရွေးကောက်ပွဲ မဲရုံသရုပ်ပြပွဲ အခမ်းအနားတစ်ရပ်ကို ဇွန်လ ၁၂ ရက်နေ့တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် အ.ထ.က (၁) ကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ရာ အဆိုပါရွေးကောက်ပွဲ မဲရုံသရုပ်ပြပွဲ အခမ်းအနားကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကာ ဆန္ဒမဲပေးမည့်သူများထဲတွင် ကရင်တိုင်းရင်းသားမဲဆန္ဒရှင်များ၊ ရခိုင်တိုင်းရင်းသား မဲဆန္ဒရှင်များနှင့် မကျန်းမာသူများ ဆန္ဒမဲပေးသည့် ပုံစံများကိုလည်း သရုပ်ပြခဲ့သည်။ **(EMG 140610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- လာမည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ကွမ်းခြံကုန်းမြို့နယ်အတွက် ဝင်ရောက်အရွေးခံမည့် အမတ်လောင်းသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** မှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကွမ်းခြံကုန်းမြို့နယ် ချောင်းဝရွာဇာတိဖြစ်သူ စွမ်းအင်ဝန်ကြီး ဦးလွန်းသီ ဖြစ်နေသဖြင့် ပြည်သူများအလိုမကျကြောင်း ဒေသခံများကပြောသည်။ **(NEJ 160610)** Read More...
- ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အနိုင်ရရေးအတွက် စစ်တိုင်းမှူးများအနေဖြင့် ဝိုင်းဝန်းလုပ်ဆောင်သွားကြရန် စစ်အစိုးရအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မေလနောက်ဆုံးပတ်အတွင်း နေပြည်တော်ကာကွယ်ရေးဦးစီးချုပ် (ကြည်း)တွင် ကျင်းပခဲ့သည့် လေးလပတ်အစည်းအဝေးတွင် ညွှန်ကြားခဲ့ကြောင်း စစ်ဘက်သတင်းရပ်ကွက်နှင့် လေ့လာသူများကပြောသည်။ **(Mizzima 160610)** Read More...
- နိုင်ငံရပ်ခြားတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများအထဲမှ ၂၀၁၀ ရွေးကောက်ပွဲအတွက် မဲပေးခွင့်ရှိသူများ စာရင်း ကို မြန်မာသံရုံးများက စုဆောင်းကောက်ခံလျှက်ရှိသည်။ **(Mizzima 180610)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)**မှ ချင်းပြည်နယ်အထက်ပိုင်း ထန်တလန်မြို့နယ်အတွက် ရွေးကောက်ပွဲအမတ်လောင်းအဖြစ် လျာထားခံရသူ ဒေါက်တာမှူထန်းက ချင်းပြည်သူများအား အခမဲ့ဆေးဝါးကုသပေးနေသည်ဟု ထန်တလန်မြို့မှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) အဖွဲ့ဝင်တစ်ဦးကပြောသည်။ **(Khonumthung 180610)** Read More...
- ရွေးကောက်ပွဲအတွက် အရေးပေါ်ရံပုံငွေရှာဖွေခြင်းအနေဖြင့် မြန်မာစစ်အစိုးရက ဇူလိုင်လ ၁ ရက်နေ့မတိုင်ခင် လိုင်စင်မဲ့ တရုတ်ဆိုင်ကယ်နှင့် သုံးဘီးကားများကို လိုင်စင်များလုပ်ပေးသွားမည်ဟု ယခင်လိုင်စင်လုပ်ပေးခဲ့သည့် နေရာ မြစ်ကြီးနားမြို့ မိုးလုံလေလုံအားကစားကွင်းတွင် ကြော်ငြာစာများကပ်ထားသည်။ **(KNG 180610)** Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဌ ဦးတင်ဦးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်တို့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် ၆၅ နှစ်ပြည့် မွေးနေ့အကြို အထိမ်းအမှတ် အနေဖြင့် ရန်ကုန်တိုင်း တောင်ဒဂုံမှ **HIV/AIDS** လူနာများဂေဟာတွင် ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းက ခရေပင်တစ်ပင်စီ စိုက်ပေးခဲ့ကြသည်။ **(DVB 130610)** Read More...
- လာမည့် ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၅ နှစ်ပြည့်မွေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့်ရော လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သည့်အနေဖြင့်ပါ နယ်မြို့များမှ အမျိုးသားဒီမိုရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင်များသည် သစ်ပင်များလိုက်လံစိုက်ပျိုးသည့် လှုပ်ရှားမှုများ စတင်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်း **NLD** လူငယ်တစ်ဦးဖြစ်သူ ကိုရာဇာကပြောသည်။ **(RFA 140610)** Read More...
- ရန်ကုန်တိုင်း သုံးခွမြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** စည်းရုံးရေးအဖွဲ့ဝင် ဦးမြဇင်သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်အနေဖြင့် အင်္ဂလိပ်ဘာသာဖြင့် အပြာရောင်ထီးကြီးပေါ်တွင် နှစ်ဖက်ရိုက်နှိပ်ထားသည့် **National League For Democracy** ဆိုသည့် စာတမ်းနှင့် ခွပ်ဒေါင်းတံဆိပ်ပုံကို ဆောင်း ကာ မြို့တွင်းလှည့်လည်သွားလာနေသည်ဟု **NLD** အဖွဲ့ဝင်တစ်ဦးကပြောသည်။ **(DVB 150610)** Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အနေဖြင့် လက်ရှိလုပ်ဆောင်နေသည့် နိုင်ငံရေးအကျဉ်းသားများနှင့် မိသားစုဝင်များကို ကူညီထောက်ပံ့ပေးရေး၊ **HIV/AIDS** ဝေဒနာရှင်များကို ပြုစုကုသရေး၊ ဥပဒေအထောက်အကူပြုလုပ်ငန်းများအပြင် ကလေးစစ်သားစုဆောင်းခံရမှု၊ အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် အဓမ္မမြေယာအသိမ်းခံရမှုပပျောက်ရေး စသည့် လုပ်ငန်း များကိုလည်း တိုးချဲ့လုပ်ဆောင်သွားရန်အတွက် ဇွန်လ ၁၄ ရက်နေ့က ရန်ကုန်တိုင်း ရွှေဂုံတိုင်ရုံးချုပ်တွင် **NLD** ခေါင်း ဆောင်များမှ ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း အဖွဲ့ချုပ် ဒု–ဥက္ကဌ ဦးတင်ဦးကပြော သည်။ **(RFA 150610)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၅ နှစ်မြောက် မွေးနေ့ပွဲအခမ်းအနားကို နှစ်စဉ်ကျင်းပနေကျ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရုံးချုပ်၌ မပြုလုပ်တော့ဘဲ ယခုနှစ်တွင် အင်းစိန်မြို့နယ် ၁၀ မိုင်ကုန်း ရှိ မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မေနှင်းကြည်၏ နေအိမ်၌ ပြုလုပ်ရန်အတွက် ပြင်ဆင်နေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(RFA 150610)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု-ဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်နှင့် ဦးဟံသာမြင့်တို့သည် ဇွန်လ ၁၇ ရက်နေ့က ဥရောပသမဂ္ဂ **EU** ကိုယ်စားလှယ် (၁၄) ဦးနှင့် တွေ့ဆုံခဲ့ရာတွင် **EU** ဘက်မှ ကူညီနိုင်ရန်အတွက် **NLD** ၏ လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်း များကို **NLD** ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က အသေးစိတ်ပြန်လည်ရှင်းပြခဲ့သည်။ **(VOA 170610)** [Read More...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကနေဒါသံရုံးမှ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စစ်နာဒီယာဘာဂါနှင့် ဇွန်လ ၁၈ ရက်နေ့တွင် တွေ့ဆုံခဲ့ရာတွင် **NLD** က ကနေဒါအစိုးရအား ဒေါ်အောင်ဆန်းစုကြည် အမြန်ဆုံးပြန်လွတ်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းပေးရန် တောင်းဆိုလိုက်သည်။ **(DVB 180610)** [Read More...]
- မွန္တလေးတိုင်းအတွင်း နိုင်ငံရေးနှင့် လူမှုရေးလုပ်ငန်းများ ပိုပိုပြင်ပြင် ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးအုန်းကြိုင်နှင့် မွန္တလေးတိုင်း **NLD** အဖွဲ့ဝင်များသည် ဇွန်လ ၁၈ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(RFA 180610)** [Read More...]
- ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက် (၆၅) နှစ်ပြည့် မွေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် မွေးနေ့သက်စေ့ သွေး (၆၅) ပုလင်းလှူဒါန်းသည့် အစီအစဉ်တစ်ရပ်ကို ရန်ကုန်တိုင်းအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်အဖွဲ့ဝင်များနှင့် **NLD** အားထောက်ခံသည့်လူငယ်များက နေရာခွဲ၍ စုပေါင်းပြုလုပ်နေကြသည်။ **(RFA 180610)** [Read More...]
- နေအိမ်အကျယ်ချုပ် ကျခံနေရသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၅ နှစ်မြောက်မွေးနေ့ အခမ်းအနားကို ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သကဲ့သို့ အခြားတိုင်းနှင့်မြို့နယ်အချို့၌လည်း ကျင်းပပြုလုပ်ခဲ့ကြသည်။ **(RFA 190610)** [Read More...], [NEJ]
- ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်မြောက် မွေးနေ့၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုအမျိုးသမီးအဖွဲ့က ရန်ကုန်တိုင်းရှိ နိုင်ငံရေးအကျဉ်းသားများ၏ မိသားစုဝင် ကျောင်းသား ၉၄ ဦးအား ပညာသင်စာရိတ် ထောက်ပံ့ပေးခဲ့သည်။ **(Mizzima 190610)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ထိုင်းနိုင်ငံ မဲဆောက်မြို့တောင်ပိုင်း ကီလိုမီတာ (၃၀) ကျော်အကွာအဝေးရှိ မော်လီချိုင်းကျေးရွာ တဘက်ကမ်း ဘလယ်ဒိုဂွင်၌ ဇွန်လ ၁၃ ရက်နေ့နံနက်ပိုင်းတွင် ကရင်အမျိုးသားအစည်းအရုံး **KNU** လက်အောက်ခံ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** တပ်ရင်းအမှတ် (၁၀၃) သည် တပ်ပြောင်း၍ ပြန်မည့် နအဖစစ်တပ် ခမရ (၄၀၅) တပ်ရင်းအား ချုံခိုတိုက်ခိုက်ခဲ့ရာ နအဖတပ်ဘက်မှ (၁) ဦး သေဆုံး၍ (၃) ဦး ဒဏ်ရာရရှိခဲ့ကြောင်း **KNLA** တပ်ရင်း (၁၀၃) မှ တပ်ခွဲမှူးတစ်ဦးကပြောသည်။ **(KIC 140610)** [Read More...]

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) ပြည်ပအင်အားစုများ

- မြန်မာနိုင်ငံ ရှေ့နေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးသည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ **NLD-LA** ကိုရီးယားဌာနခွဲ၌ ဇွန်လ ၁၃ ရက်နေ့က မြန်မာပြည် ဥပဒေစိုးမိုးရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံသားများ တက်ရောက်ခဲ့ကြကြောင်း **NLD-LA** ကိုရီးယားဌာနခွဲတာဝန်ခံ ကိုရန်နိုင်ထွန်းကပြောသည်။ **(DVB 130610)** Read More...
- နအဖစစ်အစိုးရမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆန့်ကျင်ဆန္ဒမဲပေးပွဲ လှုပ်ရှားမှုတစ်ရပ်ကို ဇွန်လ ၁၃ ရက်နေ့က ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများက ကျင်းပခဲ့ရာ ဂျပန်နိုင်ငံရှိ နိုင်ငံရေးလှုပ်ရှားနေသည့် အဖွဲ့ ၁၇ ဖွဲ့နှင့်အတူ (**Amnesty International**) နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (ဂျပန်ဌာနခွဲ)၊ ဗမာ့ရေးရာ ပြည်သူ့အဖွဲ့ **PFB**၊ ဂျပန်အလုပ်သမားသမဂ္ဂအဖွဲ့များ နှင့်ဂျပန်တက္ကသိုလ်ပါမောက္ခအချို့က ဝိုင်းဝန်းကြီးကြပ်ပေးခဲ့ကြသည်။ **(RFA 130610)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ရေးအတွက် ဇွန်လ ၁၆ ရက်နေ့မှစ၍ သူမ၏မွေးနေ့ ၁၉ ရက်နေ့အထိ ပြည်သူများအနေဖြင့် တတ်နိုင်သရွေ့ သောက်ရေလှူဒါန်းကြပါရန် ပြည်ပအခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) **WLB** က တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 160610)** Read More...
- ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်မြောက် မွေးနေ့အကြိုအခမ်းအနားတစ်ရပ်ကို ပြည်ပအခြေစိုက် ဒီမိုကရေစီနှင့် အမျိုးသားရေးဆောင်ရွက်နေကြသည့် အဖွဲ့ (၁၀) ဖွဲ့မှ ဦးစီး၍ ဘန်ကောက်မြို့တွင် ဇွန်လ ၁၇ ရက်နေ့က ကျင်းပခဲ့ရာ ဖယ်ခုံမြို့နယ် လွှတ်တော်အမတ် ခွန်မားကိုဘန်းက "ဒေါ်အောင်ဆန်းစုကြည်သာလျှင် တိုင်းပြည်၏အမျိုးသားရေးနှင့် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည့် ယနေ့ ကာလ၏ တစ်ဦးတည်းသော အမျိုးသားခေါင်းဆောင်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။ **(NEJ 170610)** Read More...
- ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်ပြည့် မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် (၁၄) ကြိမ်မြောက် မြန်မာနိုင်ငံအမျိုးသမီးများနေ့ အခမ်းအနားတစ်ရပ်ကို မြန်မာနိုင်ငံအမျိုးသမီးထုလှုပ်ရှားမှုကော်မတီက ဦးဆောင်၍ ထိုင်း-မြန်မာနယ်စပ် မဲဆောက်တွင် ဇွန်လ ၁၈ ရက်နေ့က ကျင်းပခဲ့သည်။ **(NEJ 180610)** Read More...

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- နယ်ခြားစောင့်တပ်အသွင် ပြောင်းရေးကိစ္စနှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များဖြစ်ကြသည့် ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် **(UWSA)** နှင့် ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ **(KIO)** တို့ကို ဇွန်လ လဆန်းပိုင်းမှစ၍ ဖိအားပေးမှုများ လျော့နည်းသွားကြောင်း စစ်ရေးလေ့လာသူများက ပြောသည်။ **(Irrawaddy 140610)** Read More...
- ပြည်သူ့စစ်အသွင်ပြောင်းရေးအစီအစဉ်ကို (၂) လနီးပါးလက်ခံထားသောအပစ်ရပ် **SSA** တပ်မဟာများနှင့် အသွင်ပြောင်းရေးလက်မခံသည့် တပ်မဟာ (၁) တို့အကြား နားလည်မှုရယူနိုင်ခဲ့ကြသဖြင့် လူထုစိတ်ဝင်စားနေသည့် အတိုင်း အပစ်ရပ် **SSA** နှစ်ခြားကွဲဖွယ်မရှိနိုင်ကြောင်း အမည်မဖော်လိုသည့် တပ်မဟာ (၁) တပ်မှူးတစ်ဦးကပြောသည်။ **(S.H.A.N 150610)** Read More...
- နယ်ခြားစောင့်တပ် ဂယက်ကြောင့် တိုးတက်သော ကရင်ဗုဒ္ဓဘာသာ တပ်မတော် **(DKBA)** တပ်ဖွဲ့ဝင်များအတွင်း သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့သဖြင့် ယခုရက်ပိုင်းများတွင် နအဖစစ်တပ်က **DKBA** တပ်ဖွဲ့များကို မူလအတိုင်းပြန်ထားမည်ဟု စည်းရုံးပြောဆိုနေကြောင်း **DKBA** အသိုင်းအဝိုင်းကပြောသည်။ **(KIC 150610)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- မွန်ပြည်သစ်ပါတီအနေဖြင့် လက်ရှိအနေအထားတွင် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** အား ထောက်ခံအားပေး ခြင်းမပြုသကဲ့သို့ ကန့်ကွက်ခြင်းလည်းမရှိကြောင်းနှင့် **AMRDP** ပါတီ၏ လှုပ်ရှားမှုများအား မိမိတို့မှ ဆက်လက်စောင့်ကြည့်၊ အကဲခတ်သုံးသပ်နေသေးကြောင်း ဇွန်လ ၆ ရက်နေ့တွင် မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာကပြောသည်။ **(IMNA 160610)** **Read More...**

## အခြားနိုင်ငံရေးအင်အားစုများ

## (က) နိုင်ငံရေးပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီအများစုသည် ပါတီဆိုင်းဘုတ်တင်ခြင်းနှင့် ရုံးချုပ်ဖွင့်လှစ်နေကြကာ စည်းရုံးရေးလုပ်ငန်းများစတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးလွင်က "မွန္တလေး၊ စစ်ကိုင်း၊ ပုသိမ်ဘက်တွေမှာ စည်းရုံးရေးများဆင်းပြီး စတင်လှုပ်ရှားနေပါပြီ၊ ပါတီဝင်ကြေး ၅၀၀ ကျပ်၊ လစဉ်ကြေးက တစ်လကို ၁၀၀ ကျပ် သတ်မှတ်ထားသည်" ဟု ပြောသည်။ **(Irrawaddy 140610)** **Read More...**
- မြန်မာစစ်အစိုးရမှ ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီများသည် စည်းရုံးရေးလုပ်ငန်းများအား စတင်နေပြီဖြစ်သော်လည်း ဆယ်စုနှစ် ၂ ခုကြာ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ကင်းကွာနေသည့် ပြည်သူများအနေဖြင့် ပါဝင်ပတ်သက်ရန် စိုးရိမ်မှုများရှိနေကြောင်း ဇွန်လဆန်းပိုင်းမှစ၍ စည်းရုံးရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေသော နိုင်ငံရေးပါတီများမှဆိုသည်။ **(VOA 140610)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** အဖွဲ့ဝင်ဟောင်းများဖြင့် ခေါင်းဆောင်ဖွဲ့စည်းလိုက်သည့် အမျိုးသားဒီမိုကရေစီအင်အားစု **(NDF)** ကို ဇွန်လ ၁၄ ရက်နေ့တွင် ရွေးကောက်ပွဲကော်မရှင်မှ မှတ်ပုံတင်ခွင့်ပြုလိုက်ပြီဖြစ်သဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေကပြောသည်။ **(NEJ 150610)** **Read More...**
- မှတ်ပုံတင်ပြီးသော နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပုံနှိပ်ထုတ်ဝေမည့် စာရွက်စာတမ်းများထုတ်ဝေရန်ခွင့်ပြုချက် ရရှိထားပြီဖြစ်သော်လည်း ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်ဟု ပြည်ထောင်စုဒီမိုကရေစီပါတီမှ ပြန်ကြားရေးတာဝန်ခံ ဦးဝင်းစိန်ကပြောသည်။ **(Irrawaddy 150610)** **Read More...**
- သျှမ်းအမျိုးသားများ ဒီမိုကရက်တစ်ပါတီ **(SNDP)** သည် သျှမ်းပြည် (မြောက်ပိုင်း) နမ့်ခမ်းမြို့တွင် ဇွန်လ ၉ ရက်နေ့က ပါတီရုံးခန်းဖွင့်လှစ်ပြီးနောက် ဇွန်လ ၁၀ ရက်နေ့၌ မူဆယ်မြို့တွင် ပါတီရုံးခန်းတစ်ခု ထပ်မံဖွင့်လှစ်ခဲ့ရာ ဧည့်ပရိသတ် ၂၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြောင်း မူဆယ်မြို့နယ် **SNDP** ရုံးတာဝန်ခံတစ်ဦးကပြောသည်။ **(S.H.A.N 150610)** **Read More...**
- ရွေးကောက်ပွဲကော်မရှင်မှ နိုင်ငံရေးပါတီအဖြစ် ထူထောင်ခွင့်ပြုလိုက်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** ကြောင့် တိုင်းရင်းသားပါတီများအပါအဝင် အခြားနိုင်ငံရေးအင်အားစုများအနေဖြင့် စည်းရုံးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်အခဲနှင့်ရင်ဆိုင်နေရကြောင်း တိုင်းရင်းသားပါတီများထဲမှ ပါတီတစ်ခုဖြစ်သည့် ဝ အမျိုးသားစည်းလုံး ညီညွတ်ရေးပါတီ ဥက္ကဋ္ဌ ဦးလုပ်ပေါင်ကပြောသည်။ **(DVB 150610)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဝ နိုင်ငံရေးပါတီ ၂ ခု အနက် 'ဝ' ဒီမိုကရက်တစ်ပါတီ **(Wa Democratic Party-WDP)** သည် ဝ လူထုအတွက် ရပ်တည်မည့်ပါတီမဟုတ်ကြောင်း ဝ အသိုင်းအဝိုင်းမှ ဩဇာရှိသူတစ်ဦးကပြောကြားလိုက်သည်။ **(S.H.A.N 160610)** **Read More...**
- စပ်ယွက်စစ်ဦးဆောင်သော **SSA** တပ်ဖွဲ့ ထိန်းချုပ်လှုပ်ရှားနေသည့် သျှမ်းပြည်တောင်ပိုင်းအတွင်း၌ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးဆင်းမည့် သျှမ်းအမျိုးသားများဒီမိုကရက်တစ်ပါတီ **SNDP** အပါအဝင် အခြားနိုင်ငံရေးပါတီများက မိမိလုံခြုံရေးအတွက် စိုးရိမ်နေကြကြောင်း အမည်မဖော်လိုသည့် သျှမ်းပြည်တောင်းပိုင်းမှ **SNDP** အဖွဲ့ဝင် တစ်ဦးကပြောသည်။ **(S.H.A.N 170610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- စစ်အစိုးရနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **(USDP)** အကြား ကင်းရှင်းမှုရှိသင့်ပြီဖြစ်ကြောင်း ပြည်ထောင်စု ဒီမိုကရေစီပါတီ **(UDP)** က ဇွန်လ ၁၇ ရက်နေ့ နေ့စွဲဖြင့် အချက် ၆ ချက်ပါ ကြေညာချက်တစ်စောင်ကို ပထမဆုံးအကြိမ် တရားဝင်တောင်းဆိုခြင်းဖြစ်ကြောင်း **UDP** ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းကပြောသည်။ **(Irrawaddy 170610)** **Read More...**
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီသည် ဇွန်လ ဒုတိယအပတ်မှစ၍ မွန်ပြည်နယ်အတွင်းရှိ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့် လမိုင်းမြို့နယ်ခွဲများတွင် မဲဆွယ်စည်းရုံးရေးခရီးစဉ် စတင်နေပြီဟု ပါတီခေါင်းဆောင်တစ်ဦးဖြစ်သူ နိုင်ငွေသိန်းကပြောသည်။ **(Mon News 160610)** **Read More...**
- ရွေးကောက်ပွဲနှင့်ပတ်သက်သော စာရွက်စာတမ်းများထုတ်ခြင်းနှင့်ပတ်သက်၍ ပါတီဝင်အင်အား၊ ငွေကြေး၊ အချိန်စသည့်အခက်အခဲများနှင့် ရင်ဆိုင်နေရသဖြင့် မှတ်ပုံတင် ခွင့်ပြုချက်ရရှိထားသောပါတီများ အတူပူးပေါင်း ဆောင်ရွက်ကာ မဟာမိတ်ပြုလုပ်သွားဖွယ်ရှိကြောင်း ပြည်ထောင်စုဒီမိုကရေစီပါတီ **(UDP)** ဥက္ကဋ္ဌ ဦးဖြိုးမင်းသိန်းက ပြောသည်။ **(Irrawaddy 180610)** **Read More...**

## (ခ) နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိရေးအတွက် လျှောက်ထားဆဲပါတီများ

- ယခုနှစ်မကုန်မီ မြန်မာစစ်အစိုးရမှ ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲတွင် ကချင်ပြည်နယ်တိုးတက်ရေးပါတီ **(KSPP)** အနေဖြင့် ပါတီတည်ထောင်ခွင့် မရသေးသည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော်အခြေစိုက် ရွေးကောက်ပွဲကော်မရှင်ထံသို့ ဇွန်လ ၁၅ ရက်နေ့တွင် ဒုတိယအကြိမ် ထပ်မံသွားရောက်တင်သွင်းမည်ဖြစ်ကြောင်း **KSPP** အရာရှိတစ်ဦးကပြောသည်။ **(KNG 140610)** **Read More...**
- မြန်မာစစ်အစိုးရ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကချင်ပြည်နယ်တိုးတက်ရေးပါတီ **(KSPP)** ကို ပါတီတည်ထောင်ခွင့် မချပေးသေးသည့်ကိစ္စနှင့်ပတ်သက်၍ ဇွန်လ ၁၆ ရက်နေ့က ဒုတိယအကြိမ် ထပ်မံလျှောက်ထားခဲ့ရာ ရွေးကောက်ပွဲကော်မရှင်က ထပ်မံစောင့်ဆိုင်းပေးရန် ပြောခဲ့သည်ဟု **KSPP** ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦးကပြောသည်။ **(KNG 190610)** **Read More...**

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ယခုနှစ်အတွင်း မြန်မာစစ်အစိုးရမှ ရွေးကောက်ပွဲကျင်းပမည်ဖြစ်သောကြောင့် ကရင်နီပြည်နယ်အတွင်းရှိ လူငယ်များသည် နိုင်ငံရေးအကြောင်းနှင့်ပတ်သက်၍ ပိုမိုစိတ်ဝင်စားလာကြသည်ကို တွေ့ရှိရကြောင်း ကရင်နီအမျိုးသားလူငယ်အစည်းအရုံး **(KNYO)** ဥက္ကဋ္ဌ စမ်းရှိုင်းကပြောသည်။ **(KT 160610)** **Read more...**
- နအဖ ကျင်းပမည့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် နိုင်ငံရေးပါတီအချို့အား ပြည်ပပညာရှင်များနှင့် ပြည်တွင်းအခြေစိုက် **Myanmar Egress** တို့က ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံတကာစံချိန်စံနှုန်း၊ စောင့်ကြည့်လေ့လာမှုသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ယခုသီတင်းအပတ်အတွင်း ပြုလုပ်ပေးနေသည်ဟု အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ခဲ့သူ မတူကွဲပြားခြင်းနှင့်ညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး ကိုနေမျိုးဝေကပြောသည်။ **(DVB 170610)** **Read More...**

## ဘာသာရေးအသင်းအဖွဲ့များ

- ပြည်တွင်း၌ လှုပ်ရှားနေသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့ကိုယ်စားလှယ်အဖွဲ့နှင့် သာသနာတော်ကာ ကွယ်ရေးတပ်ဦးတို့က "ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း **USDA** အဖွဲ့ဝင်များကို နအဖ လက်ကိုင်တုတ်အဖြစ်မှ စွန့်လွှတ်ပြီး တိုင်းသူပြည်သားများနှင့်အတူပူးပေါင်း၍ ငြိမ်းချမ်းနည်းဖြင့် စစ်အာဏာရှင်အား ဆန့်ကျင်တော် လှန်ကြပါရန်" ဇွန်လ ၁၆ ရက်နေ့တွင် အိတ်ဖွင့်ပေးစာတစ်စောင် ပေးပို့တောင်းဆိုလိုက်သည်။ **(RFA 170610)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- လွန်ခဲ့သည့် မေလအတွင်းက နယူးဇီလန်နိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံဒေသတွင်း လုံခြုံရေးညီလာခံ၌ မြန်မာစစ်အစိုးရကိုယ်စားလှယ် တက်ရောက်ခဲ့သည့်ကိစ္စကို နယူးဇီလန်အစိုးရက လူသိရှင်ကြားထုတ်ပြန်ရန်ပျက်ကွက်ခဲ့သည့်အတွက် နယူးဇီလန်အတိုက်အခံပါတီဖြစ်သည့် **Green** ပါတီက ရှုတ်ချဝေဖန်လိုက်ကြောင်း **Green** ပါတီပြော ခွင့်ရပုဂ္ဂိုလ် မစ္စတာကီလေ့ဘ်ကီကပြောသည်။ **(RFA 160610)** Read More...
- အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာစစ်အစိုးရမှ ဖမ်းဆီးထားခြင်းသည် တရားမဝင်ကြောင်းနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် ၉၊ ၁၀၊ ၁၉ နှင့် ၂၀ တို့ကို ချိုးဖောက်နေသည်ဟု ကုလသမဂ္ဂလုပ်ငန်းအဖွဲ့ **(United Nations Working Group on Arbitrary Detention)** က ရှုတ်ချလိုက်သည်။ **(Mizzima 170610)** Read More...
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထားခြင်းသည် ဥပဒေမဲ့မတရားဆောက်ရွက်ချက်ဖြစ်ကြောင်းနှင့် နေအိမ်အကျယ်ချုပ်မှ ချက်ချင်းလွှတ်ပေးရန် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာတောမတ်စ် အိုဟေးကင်တာနား **(Mr. Tomas Ojea Quintana)** က နအဖစစ်အစိုးရ ကို ထပ်မံတောင်းဆိုလိုက်သည်။ **(VOA 170610)** Read More...
- ဇွန်လ ၁၇ ရက်နေ့က ဥရောပသမဂ္ဂ **EU** ကိုယ်စားလှယ် (၁၄) ဦးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့် ရန်ကုန်မြို့ ဂျာမနီသံရုံးတွင် တွေ့ဆုံခဲ့ကာ **NLD** ၏ လက်ရှိနိုင်ငံရေးရပ်တည်ချက်နှင့် လုပ်ငန်းများ အခြေအနေများကို ဆွေးနွေးမေးမြန်းခဲ့သည်။ **(VOA 170610)** Read More...
- ဇွန်လ ၁၉ ရက်နေ့၌ ကျရောက်မည့် မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်မြောက်မွေးနေ့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် **Mr. Ban Ki Moon**၊ အမေရိကန်သမ္မတ **Mr. Barack H. Obama**၊ အမေရိကန်အမျိုးသမီးအထက်လွှတ်တော်အမတ်များအဖွဲ့နှင့် နိုင်ငံခြားရေးဌာနတို့က ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများလားလုံး ချွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် ထပ်လောင်းတောင်းဆိုလိုက်သည်။ **(VOA 180610)** Read More...
- ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်မြောက်မွေးနေ့အတွက် မြန်မာအရေးဆောင်ရွက်နေသည့် ဥရောပပါလီမန်အမတ်များအဖွဲ့က အိပ်ဖွင့်ပေးစာတစ်စောင်ကို ဇွန်လ ၁၇ ရက်နေ့က ပေးပို့ ဂုဏ်ပြုခဲ့သကဲ့သို့ နအဖပြုလုပ်မည့်ရွေးကောက်ပွဲကိုလည်း ရှုတ်ချလိုက်သည်။ **(VOA 180610)** Read More...

### (ခ) အစိုးရများ

- မြန်မာနိုင်ငံကို ရောက်ရှိနေသော ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိများသည် ဇွန်လ ၁၄ ရက်နေ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** နှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီအချို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် ဂျပန်အစိုးရ၏ သဘောထားများအား ရှင်းလင်းပြောကြားခဲ့ပြီး အားလုံးပါဝင်နိုင်သည့် ရွေးကောက်ပွဲဖြစ်ရန် နအဖစစ်အစိုးရကို တိုက်တွန်းတောင်းဆိုလိုက်သည်။ **(DVB 160610)** Read More...
- ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဝီလယံဟု **(Willianm Hague)** က "ဇွန်လ ၁၉ ရက်နေ့တွင်ကျရောက်မည့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်မြောက်မွေးနေ့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချက်ချင်းလွှတ်ပေးရန် ဗြိတိန်အစိုးရက တောင်းဆိုလိုက်ကြောင်း" ပြောကြားလိုက်သည်။ **(DVB 180610)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကနေဒါသံရုံးမှ ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှရေးရာ ညွှန်ကြားရေးမှူး မစ္စစ်နာဒီယာဘာဂါက ဇွန်လ ၁၈ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး **NLD** မှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည့်အပေါ် ကနေဒါအစိုးရက လေးစားကြောင်း ပြောကြားခဲ့သည်။ **(DVB 180610)** **Read More...**
- ဇွန်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၅) နှစ်ပြည့်မွေးနေ့တွင် နိုဘယ်ငြိမ်ချမ်းရေးဆုရှင် အမေရိကန်သမ္မတ **Mr. Barack Obama** က ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုမွန်ကောင်း တောင်းပေးလိုက်သည်။ **(RFA 190610)** **Read More...**

## (ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- တောင်အာဖရိကအမျိုးသားခေါင်းဆောင် နယ်လ်ဆင်မန်ဒဲလား **(Nelson Mandela)** ထူထောင်ထားသော (**The Elders)** ထင်ရှားသည့် ကမ္ဘာ့ဝါရင့်ခေါင်းဆောင်ကြီးများအဖွဲ့က နအဖကျင်းပမည့် ရွေးကောက်ပွဲသည် ယုံကြည်ကိုးစားလောက်သည့်ရလဒ်များကို ဖော်ဆောင်ပေးနိုင်မည်မဟုတ်ကြောင်းနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ၆၅ နှစ်မြောက် မွေးနေ့အကြိုအဖြစ် ကုလသမဂ္ဂမှကြီးမှူး၍ မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးဆွေးနွေးပွဲတစ်ရပ် ကျင်းပပေးပါရန် တောင်းဆိုလိုက်သည်။ **(VOA 170610)** **Read More...**
- ၂၀၁၀ ပြည့်နှစ်သည် မြန်မာနိုင်ငံ၏ အနှစ် ၂၀ အတွင်း အရေးကြီးဆုံးနှစ်ဖြစ်လာနိုင်ကြောင်းနှင့် စစ်အစိုးရပြင်ဆင်နေသည့် ရွေးကောက်ပွဲသည် လာမည့်မျိုးဆက်တစ်ဆက်စာ နိုင်ငံရေးအခင်းအကျင်းကို ပြောင်းလဲသွားနိုင်ကြောင်း လွန်ခဲ့သည့်အပတ်က နယ်သာလန်နိုင်ငံအခြေစိုက် နိုင်ငံရပ်ခြားလေ့လာရေးသိပ္ပံ **(TNI)** မှ ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာစာတမ်း၌ ဖော်ပြထားသည်။ **(RFA 170610)** **Read More...**
- မြန်မာနိုင်ငံသားများ လွတ်လပ်သည့်သတင်းအချက်အလက်နှင့် အမှန်တရားများကို သိရှိနိုင်စေရန်အတွက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ **(Amnesty International -AI)** က မြန်မာနိုင်ငံအတွင်း ရေဒီယိုများဖြန့်ဝေမည်ဖြစ်ကြောင်း ဇွန်လ ၁၈ ရက်နေ့က ကြေညာလိုက်သည်။ **(Irrawaddy 180610)** **Read More...**

***End of report/ Saturday, June 19, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***